# မသန်စွမ်းမှုဆိုင်ရာဝါရှင်တန်စာရင်းအင်းအဖွဲ့ (Washington Group on Disability Statistics)

## ခန္ဓာကိုယ်လုပ်ဆောင်ချက်အတွက် ဝါရှင်တန်စာရင်းအင်းအဖွဲ့၏ မေးခွန်းအစု (WG-SS)

### နိဒါန်း

ခန္ဓာကိုယ်လုပ်ဆောင်ချက်အတွက် ဝါရှင်တန်စာရင်းအင်းအဖွဲ့၏ မေးခွန်းတိုအစု (WG-SS) ကို မသန်စွမ်းမှုဆိုင်ရာ ဝါရှင်တန်စာရင်းအင်းအဖွဲ့ (WG) က ဖော်ထုတ်၊ စမ်းသပ်၍ အတည်ပြုထားခြင်းဖြစ်သည်။ ဤမေးခွန်းများသည် မသန်စွမ်းမှုအား နားလည်ပုံဖော်နိုင်ရေးအတွက် တိုးတက်သော နည်းလမ်းများကို ထင်ဟပ်ဖော်ပြနေပြီး၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ ခန္ဓာကိုယ်လုပ်ဆောင်ချက်၊ မသန်စွမ်းမှုနှင့် ကျန်းမာမှုအတွက် အပြည်ပြည်ဆိုင်ရာ အမျိုးအစားခွဲခြားခြင်း (ICF) နည်းလမ်းကို သဘောတရားရေးရာမူဘောင်အဖြစ် အသုံးပြုထားသည်။

WG-SS ကို သန်းခေါင်စာရင်းနှင့်စစ်တမ်းများကောက်ယူရာတွင် အသုံးပြုရန် ရည်ရွယ်ထားသည်။ နိုင်ငံများစွာတို့တွင် ဆယ်နှစ်တစ်ကြိမ်ကောက်ယူသည့် သန်းခေါင်စာရင်းများမှာ လူဦးရေအချက်အလက်များကို ကောက်ယူရာတွင် အားအကိုးရဆုံးနည်းလမ်း သို့မဟုတ် တစ်ခုတည်းသောနည်းလမ်းဖြစ်နိုင်ပါသည်။ သန်းခေါင်စာရင်းအတွက် ချမှတ်ထားသော ပုံစံတွင် ကန့်သတ်ချက်များရှိနေခြင်းကြောင့် WG-SS ကို တိုတောင်း၍ အချိန်တိုအတွင်း မေးမြန်းနိုင်ရန် ပြင်ဆင်ခဲ့ရသည်။ မေးခွန်း (၆) ခုသာပါဝင်သည့် WG-SS ၏ ကျစ်လျစ်မှုကြောင့် ပို၍ကြီးမားသော စစ်တမ်းများတွင် ထည့်သွင်းမေးမြန်းရန် ကောင်းစွာသင့်တော်ပြီး၊ ညွှန်းကိန်းများကို မသန်စွမ်းမှုအခြေအနေအလိုက် ခွဲခြားဖော်ပြနိုင်စွမ်းရှိစေသည်။

နိုင်ငံတကာတွင် နှိုင်းယှဉ်အသုံးပြုနိုင်စွမ်းအမြင့်ဆုံးဖြစ်စေရေးအတွက်၊ WG-SS တွင် လူ့အဖွဲ့အစည်းနှင့် ယဉ်ကျေးမှုအားလုံး၊ နိုင်ငံအားလုံးတို့မှ လူများနှင့်သက်ဆိုင်ပြီး၊ လူတစ်ဦးက ခန္ဓာကိုယ်၏ အခြေခံလုပ်ဆောင်ချက်များကို ဆောင်ရွက်ရာတွင် ကြုံတွေ့နေရသော အခက်အခဲများနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များကို စုဆောင်းရယူပါသည်။ ထို့ကြောင့် WG-SS ကို တစ်ကမ္ဘာလုံးတွင် အသုံးပြုနိုင်ပါသည်။ WG-SS ကို တိုတောင်းစေရန် လိုအပ်သောကြောင့် ခန္ဓာကိုယ်လုပ်ဆောင်ချက်တစ်ခုအတွက် မေးခွန်းတစ်ခုတည်းသာ ထည့်သွင်းထားသည်။ နောက်ဆုံးပြင်ဆင်ထားသည့် မေးခွန်းအစုတွင် အမြင်၊ အကြား၊ လမ်းလျှောက်ခြင်း/လှေကားတက်ခြင်း၊ မှတ်မိခြင်း/အာရုံစိုက်ခြင်း၊ မိမိကိုယ်မိမိစောင့်ရှောက်နိုင်ခြင်းနှင့် ဆက်သွယ်ပြောကြားခြင်း (ဖော်ပြခြင်းနှင့်လက်ခံခြင်း)တို့အတွက် အခက်အခဲများ ပါဝင်သည်။

WG-SS မေးခွန်းများသည် အသက် (၅) နှစ်နှင့်အထက်ရှိသူများထံမှ အချက်အလက်များစုဆောင်းရန် ဒီဇိုင်းရေးဆွဲထားခြင်းဖြစ်ပြီး၊ ကလေးသူငယ်များအတွက်မူ သတင်းအချက်အလက်ထောက်ပံ့ပေးရန်အတွက် သိကျွမ်းနားလည်သည့် တစ်ဆင့်ခံဖြေကြားသူတစ်ဦး လိုအပ်ပါသည်။ WG-SS ကို ကလေးသူငယ်များအတွက်သာ သီးသန့်သုံးရန် ဒီဇိုင်းရေးဆွဲထားခြင်း မဟုတ်ပါ။ မေးခွန်းများတွင်

ကလေးသူငယ်မသန်စွမ်းမှုကို သတ်မှတ်ဖော်ထုတ်ရာ၌ အရေးကြီးသည့် ကလေးသူငယ်ဖွံ့ဖြိုးရေးဆိုင်ရာ အဓိကရှုထောင့်များ ပါဝင်ခြင်းမရှိဘဲ၊ အချို့သော လုပ်ဆောင်ချက်များအတွက် စကားအသုံးအနှုန်းများမှာ ကလေးသူငယ်များနှင့် ဆယ်ကျော်သက်ရွယ်များအတွက် သက်ဆိုင်မှု (သို့မဟုတ် သင့်လျော်မှု) မရှိနိုင်ပါ။ ကလေးသူငယ်များ၏ ခန္ဓာကိုယ်လုပ်ဆောင်ချက်အတွက် WG-UNICEF စံပြုမေးခွန်းအစု (CFM) သည် ကလေးသူငယ်များ၏ မသန်စွမ်းမှုကို သတ်မှတ်ဖော်ထုတ်ခြင်းနှင့် တိုင်းတာခြင်းအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် ဒီဇိုင်းရေးဆွဲရေးထားခြင်းဖြစ်သည်။

ဝါရှင်တန်စာရင်းအင်းအဖွဲ့၏ ဝဘ်ဆိုဒ် (http://www.washingtongroup-disability.com/) တွင် ဘာသာပြန်ဆိုခြင်းအတွက် သတင်းအချက်အလက်များ၊ သိမှတ်နိုင်မှုစမ်းသပ်ခြင်း (cognition testing)၊ မေးခွန်းများအပေါ် အသေးစိတ်ရှင်းပြချက်များ၊ တွေ့ဆုံမေးမြန်းမှုကို စီမံခန့်ခွဲရန် လမ်းညွှန်ချက်များနှင့် SPSS, SAS, STATA စသည့် စာရင်းအင်းခွဲခြမ်းစိတ်ဖြာမှုနည်းလမ်းများအပါအဝင် အထောက်အကူပြုစာရွက်စာတမ်းများ ကို ကြည့်ရှုနိုင်ပါသည်။

မေးခွန်းတစ်ခုချင်းစီအတွက် အဖြေအမျိုးအစား (၄)မျိုးစီပါရှိပြီး၊ မေးခွန်းတစ်ခုမေးပြီးတိုင်းတွင် ယင်းအဖြေများကို ဖတ်ပြရမည်ဖြစ်ကြောင်း သတိပြုရန် အရေးကြီးပါသည်။

## ခန္ဓာကိုယ်လုပ်ဆောင်ချက်အတွက် ဝါရှင်တန်စာရင်းအင်းအဖွဲ့၏ မေးခွန်းများ

### WG-SS ကို ပဏာမမိတ်ဆက်ခြင်း

***မှတ်ချက်*** - နိဒါန်းကို ပြောကြားရသည့် ရည်ရွယ်ချက်မှာ သန်းခေါင်စာရင်း သို့မဟုတ် စစ်တမ်းကောက်ယူမှု နည်းလမ်းတွင် ပါရှိသည့် အခြားသော အကြောင်းအရာများနှင့်သက်ဆိုင်သည့် မေးခွန်းများမှ ယခုနယ်ပယ်အသစ်သို့ ပြောင်းလဲမေးမြန်းရေးအတွက် ကြားကာလတစ်ခုအဖြစ် ဆောင်ရွက်ရန်ဖြစ်ပြီး၊ ဖြေကြားသူက နေ့စဉ်အခြေခံလုပ်ဆောင်ချက်များကို ပြုလုပ်ရာတွင် ကြုံတွေ့နေရသည့် အခက်အခဲများအပေါ် အာရုံစိုက်လာစေရန်ဖြစ်သည်။

အခြေအနေအားလုံးတွင် နိဒါန်းဖော်ပြချက်ကို ပြောကြားရန် လိုအပ်ချင်မှ လိုအပ်ပါမည်။ အထူးသဖြင့် နိဒါန်းပြောကြားချက်ကြောင့် မေးခွန်းမေးမြန်းမှုအစီအစဉ်ကို အနှောင့်အယှက်ဖြစ်စေတတ်ပါသည်။

***မေးမြန်းသူက ဖတ်ပြရန်*** - "ယခုမေးမည့်မေးခွန်းများသည် အချို့သော လုပ်ဆောင်ချက်များကို ဆောင်ရွက်ရာ၌ သင်တွေ့ရနိုင်သည့် အခက်အခဲများကို မေးမြန်းခြင်းဖြစ်ပါသည်"။

### အမြင်အာရုံ

**VIS_SS** [သင်သည်/သူသည်/သူမသည်] မျက်မှန်တပ်ထားလျှင်ပင်၊ ကြည့်ရာ၌ အခက်အခဲရှိပါသလား? [***အဖြေများကို တစ်ခုချင်းဖတ်ပြပါ***]

(၁) အခက်အခဲမရှိပါ။

(၂) အခက်အခဲအနည်းငယ်ရှိပါသည်။

(၃) အခက်အခဲများစွာ ရှိပါသည်။

(၄) လုံးဝ မမြင်နိုင်ပါ။

**အကြားအာရုံ**

**HEAR_SS** [သင်သည်/သူသည်/သူမသည်] နားကြားကိရိယာတပ်ထားလျှင်ပင်၊ နားထောင်ရာ၌ အခက်အခဲရှိပါသလား? [***အဖြေများကို တစ်ခုချင်းဖတ်ပြပါ***]

(၁) အခက်အခဲမရှိပါ။

(၂) အခက်အခဲအနည်းငယ်ရှိပါသည်။

(၃) အခက်အခဲများစွာ ရှိပါသည်။

(၄) လုံးဝ မကြားရပါ။

**လှုပ်ရှားသွားလာနိုင်မှု**

**MOB_SS** [သင်သည်/သူသည်/သူမသည်] လမ်းလျှောက်ရာ၌ သို့မဟုတ် လှေကားတက်ရာ၌ အခက်အခဲရှိပါသလား? [***အဖြေများကို တစ်ခုချင်းဖတ်ပြပါ***]

(၁) အခက်အခဲမရှိပါ။

(၂) အခက်အခဲအနည်းငယ်ရှိပါသည်။

(၃) အခက်အခဲများစွာ ရှိပါသည်။

(၄) လုံးဝ မလျှောက်နိုင်ပါ။

**သိမှတ်နိုင်မှု (မှတ်မိခြင်း)**

**COG_SS** [သင်သည်/သူသည်/သူမသည်] မှတ်မိရန်ကြိုးစားရာ၌ သို့မဟုတ် အာရုံစိုက်ရန်ကြိုးစားရာ၌ အခက်အခဲရှိပါသလား? [***အဖြေများကို တစ်ခုချင်းဖတ်ပြပါ***]

(၁) အခက်အခဲမရှိပါ။

(၂) အခက်အခဲအနည်းငယ်ရှိပါသည်။

(၃) အခက်အခဲများစွာ ရှိပါသည်။

(၄) လုံးဝ မလုပ်နိုင်ပါ။

**မိမိကိုယ်မိမိစောင့်ရှောက်နိုင်ခြင်း**

**SC_SS** [သင်သည်/သူသည်/သူမသည်] ရေချိုးခြင်း၊ အဝတ်အစားဝတ်ဆင်ခြင်းကဲ့သို့သော မိမိကိုယ်မိမိ စောင့်ရှောက်မှုများကို ပြုလုပ်ရာတွင် အခက်အခဲရှိပါသလား? [***အဖြေများကို တစ်ခုချင်းဖတ်ပြပါ***]

(၁) အခက်အခဲမရှိပါ။

(၂) အခက်အခဲအနည်းငယ်ရှိပါသည်။

(၃) အခက်အခဲများစွာ ရှိပါသည်။

(၄) လုံးဝ မလုပ်နိုင်ပါ။

**ဆက်သွယ်ပြောကြားခြင်း**

**COM_SS** [သင်သည်/သူသည်/သူမသည်] ပုံမှန်သုံးနေကျဘာသာစကားဖြင့် အခြားသူများနှင့် ဆက်သွယ်ပြောကြားရာတွင် (ဥပမာ - နားလည်ရန် သို့မဟုတ် နားလည်အောင်ပြောပြနိုင်ရန်) အခက်အခဲရှိပါသလား? [***အဖြေများကို တစ်ခုချင်းဖတ်ပြပါ***]

(၁) အခက်အခဲမရှိပါ။

(၂) အခက်အခဲအနည်းငယ်ရှိပါသည်။

(၃) အခက်အခဲများစွာ ရှိပါသည်။

(၄) လုံးဝ မလုပ်နိုင်ပါ။